# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 25, 2019 Volume 18, Number 15


**၂၅.၄.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၆ /-US$ |
| မြန်မာ့ရွှေဈေး | =၁၀၃၉၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈ ကျပ် |
| CBM Rate | = ၁၅၂၄.၈/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၈.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၅.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၇၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၀၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၅၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ခြောက်လကျော်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာနှစ်ဘီလျံကျော် ဝင်ရောက်

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီ ၅ ရက်အထိ ခြောက်လကျော်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ နှစ်ဘီလျံကျော် ဝင်ရောက်ထားကြောင်း ဧပြီ ၂၃ ရက်က ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်ကနေ ဧပြီ ၅ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄၇ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၃၈၅ ဒသမ ၃၆၂ သန်း ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏက ဒေါ်လာ ၁၉၀၉ ဒသမ ၂၀၀ သန်း ဖြစ်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၈ –၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီ ၅ ရက်အထိ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၂၁ ဒသမ ၀၇၀ သန်း ဖြစ်သည်ဟု သိရသည်။ သို့ဖြစ်ရာ လက်ရှိဘဏ္ဍာနှစ် ဧပြီ ၅ ရက်အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၂၀၃၀ ဒသမ ၂၇ သန်း ဝင်ရောက်ထားကြောင်း သိရသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ကို ၂၀၁၉ ခုနှစ် ဧပြီ ၅ ရက်က ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းတစ်ခု၊ အတည်ပြုလုပ်ငန်း ၂၁ ခု ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုပြု လုပ်ငန်းတစ်ခုနှင့် အတည်ပြု လုပ်ငန်းတစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုလုပ်ငန်း ၁၅ ခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုလုပ်ငန်းသုံးခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုလုပ်ငန်းတစ်ခုနှင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်းတစ်ခု ခွင့်ပြုခဲ့သဖြင့် အဆိုပါ အစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း ၂၂ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၅၃ ဒသမ ၂၇၁ သန်းကို ခွင့်ပြု/ အတည်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၁၆၈ ဦးကို ဖန်တီးပေးမည် ဖြစ်ပြီး ခွင့်ပြု/အတည်ပြုလုပ်ငန်း ၂၂ ခုမှာ စက်မှုကဏ္ဍမှ အခု ၂၀၊ ဟိုတယ်ကဏ္ဍမှ တစ်ခုနှင့် အခြားကဏ္ဍမှ တစ်ခုတို့ ဖြစ်သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (MIPP) အရ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၅ ဒသမ ၈ ဘီလျံအထိ ဝင်ရောက်ရန် လျာထားကြောင်း သိရသည်။

**Source:** https://news-eleven.com/article/102343

## မြန်မာ့ဒန့်သလွန်သီးကို ဝယ်ယူရန် ပြည်ပနိုင်ငံများ ကမ်းလှမ်းထား



မြန်မာနိုင်ငံထွက် ဒန့်သလွန်သီးကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံ ဒန့်သလွန်သီးနှင့် ရဲယိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကိုက ပြောသည်။

ဒန့်သလွန်သီးကို ဂျပန်၊ တရုတ်၊ မလေးရှားနှင့် စင်ကာပူ နိုင်ငံများကဝယ်ယူရန် ကမ်းလှမ်းမှုများရှိထားပြီး လက်ရှိတွင် မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်နိုင်မှု နည်းပါးနေသေးကြောင်း ၎င်းက ပြောသည်။

ဝယ်ဖို့က ကမ်းလှမ်းတာတွေရှိတယ်။ ဒီဘက်က သေသေချာချာ မထုတ်နိုင်သေးဘူး။ ကမ်းလှမ်းသလောက် ဒီဘက်က မထုတ်နိုင်သေး ဘူး။ လက်ရှိစိုက်တာက တစ်ပြည်လုံးမှာ ဧက ၂၀၀ ကျော်လောက်ပဲ ရှိသေးတယ်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံကထွက်သော ဒန့်သလွန်အသီးနှင့် အရွက်များကို ပြည်ပသို့ တင်ပို့နိုင်ခြင်း မရှိသေးဘဲ နမူနာများအဖြစ်သာ ပြည်ပနိုင်ငံ များသို့ ပြသခဲ့ရာ ယခုကဲ့သို့ ကမ်းလှမ်းမှုများ ရှိလာခြင်းဖြစ်သည်။ ကမ်းလှမ်းမှုများထဲတွင် ဂျပန်နိုင်ငံသို့ ဇွန်လအတွင်း ပထမဦးဆုံး တင်ပို့နိုင်ရန် စီစဉ်ထားကြောင်း ဦးမြင့်ကိုကပြောသည်။ ဒန့်သလွန်ပင်ကို နေရာမရွေး စိုက်ပျိုးနိုင်ပြီး မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး စသည့် အပူပိုင်းဒေသများတွင် အများဆုံးထွက်ရှိသည်။ လက်ရှိတွင် ပြည်တွင်းဈေးကွက်အတွင်း၌ အရွက်ခြောက် တစ်ကီလိုဂရမ်လျှင် ကျပ် ၇၀,၀၀၀ ကျော်အထိ ပေါက်ဈေးရှိနေပြီး အသီးခြောက်တစ်ပိဿာလျှင် ကျပ် ၃၀,၀၀၀ ကျော် ပေါက်ဈေးရှိကာ ပြည်ပသို့ တင်ပို့ပါက ယင်းဈေးနှုန်းထက် ပိုမိုရရှိနိုင်ကြောင်း ဦးမြင့်ကို ထံမှ သိရသည်။

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့အခြေစိုက် မြန်မာသံရုံးက မြန်မာနိုင်ငံထွက် ဒန့်သလွန်သီး၊ အရွက်နှင့် မြင်းခွာရွက်ကို ဂျာမနီနိုင်ငံ သို့တင်ပို့နိုင်ရန် ကြိုးပမ်းနေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် ပြီးခဲ့သည့် ဇန်နဝါရီလ အတွင်း ဖော်ပြခဲ့သည်။ ဂျာမနီနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ စီးပွားရေးကောင်စီက တာဝန်ရှိသူများကိုလည်း ဒန့်သလွန် အသီး၊ အရွက်တို့၏ အကျိုးအာနိသင်များကို ရှင်းလင်းပြသထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြထားသည်။ လက်ရှိတွင် အမေရိကန်နှင့် ဥရောပဒေသရှိ ဈေးကွက်တို့တွင် ဒန့်သလွန်ရွက်ခြောက်ကို ဆေးစွမ်း အာနိသင်ရှိသော စားသောက်ကုန်အဖြစ် သုံးစွဲမှုများရှိနေပြီး အာဖရိကကထွက်သည့် ဒန့်သလွန်သီးများကို အသုံးပြုမှုပိုမိုများပြားကြောင်း ဒန့်သလွန်သီး စိုက်ပျိုးထုတ်လုပ်သူများထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/122494.html

## မြန်မာ့ဆန်ဖျက်ဆီးခံရသည့်သတင်း ပျံ့နှံ့နေသော်လည်း အာဖရိကသို့ ဆန်တင်ပို့ရန် ပို့ကုန်လိုင်စင် ထပ်မံခွင့်ပြုထား

အိုင်ဗရီကို့စ်နိုင်ငံတွင် မြန်မာ့ဆန်များ ဖျက်ဆီးခံရသော်လည်း အာဖရိကနိုင်ငံများသို့ ဧပြီလသုံးပတ်အတွင်း ဆန်တန်ချိန် ၂၈,၀၀၀ ခန့်တင်ပို့ရန် ပို့ကုန်လိုင်စင်ခွင့်ပြုထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။ အာဖရိကနိုင်ငံများအပြင် အာရှနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၃၀၀ ကျော်နှင့် ဥရောပ နိုင်ငံများသို့ တန်ချိန် ၃၄,၀၀၀ ကျော် ဆက်လက်တင်ပို့နေသည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အိုင်ဗရီကို့စ်တွင် မြန်မာဆန်ဖျက်ဆီးခံရမှုနှင့် ပတ်သက်၍လည်း မြန်မာကုမ္ပဏီများတွင် တာဝန်မရှိကြောင်း ဖော်ပြထား သည်။

လက်ရှိ မြန်မာနိုင်ငံကုမ္ပဏီ သုံးခုမှ ဆန်ရောင်းချမှုကလည်း ကုန်ရောင်းသူက သင်္ဘောပေါ်ရောက်သည်အထိသာ တာဝန်ရှိပြီး ဝယ်ယူသူက သင်္ဘောပေါ်ရောက်သည့် ကုန်ပစ္စည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုနှင့် ကုန်ကျစရိတ်ကို တာဝန်ယူရမည်ဟု စီးပွားကူးသန်းဝန်ကြီးဌာနက သုံးသပ်သည်။ လက်ရှိပြဿနာနှင့်ပတ်သက်၍

တင်ပို့သည့် ကုမ္ပဏီ၊ အလေးချိန်စစ်ဆေးသည့် အေဂျင်စီ၊ ဝယ်ယူသူများ၏ အားနည်းချက်များ ပြန်လည်ဆန်းစစ်ရန် လိုအပ်သည်ဟု ဧပြီ ၂၃ နေပြည်တော်၌ ပြုလုပ်သည့် နိုင်ငံတကာ ဈေးကွက်များတွင် နိုင်မာသည့် ဈေးကွက် တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များတင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ ထို့အပြင် အိုင်ဗရီကို့စ် နိုင်ငံတွင် ဖြစ်ပွားခဲ့သော ပြဿနာမျိုးထပ်မံမဖြစ်စေရန် စနစ်တကျကြပ်မတ်ဆောင်ရွက်ရေး လုပ်ဆောင်မည်ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။ မြန်မာကုန်သည်များ ငွေကြေးဆုံးရှုံးမှုမရှိသော်လည်း မြန်မာ့ဆန် နာမည်ပျက်သည့် သဘော သက်ရောက်စေခဲ့သည်ဟု ၎င်းကသုံးသပ်သည်။

မြန်မာနိုင်ငံ၏ဆန်စပါးဈေးကွက်ကို ပြန်ကြည့်ပါက တရုတ်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး တင်ပို့နေသည်မှာ အာဖရိက ဈေးကွက်ဖြစ်သဖြင့် ယခုအိုင်ဗရီကို့စ်ဖြစ်စဉ်ကို ခြေခြေမြစ်မြစ် ပြန်လည်လေ့လာဆန်းစစ်ရန်လိုအပ်ကြောင်း စီးပွား ကူးသန်းဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြည့်စွက်ပြောကြားသည်။ အိုင်ဗရီကို့စ်တွင် မြန်မာ့ဆန်များ ဖျက်ဆီး ခံရခြင်းနှင့် ပတ်သက်၍ ဆန်တင်ချိန်တွင် မိုးရေ ခုနစ်မိနစ်ခန့် မိခဲ့ခြင်း၊ ဆန်တင်သည့် သင်္ဘော ဟောင်းနွမ်းနေခြင်း၊ ဆန်ရောင်းချရန် ပင်လယ်အတွင်း ခုနစ်လကျော် ကြာမြင့်ခြင်းက ဆန်အရည်အသွေး ပျက်စီးပြီး စားသုံးရန်မသင့်သည့် အခြေအနေသို့ ရောက်ရှိစေခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တာဝန်ရှိသူများက ပြောသည်။ မြန်မာနိုင်ငံမှ ရွှေဝါရောင်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း နှင့် ရေပဟသ်ာ ကုမ္ပဏီထံမှ ရန်ကုန်အခြေစိုက် စင်ကာပူကုမ္ပ ဏီ Olam International Co.Ltd က အာဖရိကနိုင်ငံများသို့ တင်ပို့ရန် ဆန်တန်ချိန် ၂၂,၀၀၀ ကို ၂၀၁၈ တွင် ဝယ်ယူခဲ့သည်။ ထို့နောက် အဆိုပါဆန်များကို အာဖရိကနိုင်ငံများသို့ လှည့်လည်ရောင်းချရာ ပင်လယ်ထဲတွင် ခုနစ်လကျော် ကြာမြင့်ပြီး အိုင်ဗရီကို့စ် နိုင်ငံတွင် ဆန်ချရာတွင် စားသုံးရန်မသင့်ဆိုကာ ဖျက်ဆီးခံရခြင်းဖြစ်သည်။

**Source: http://www.7daydaily.com/story/154543**

## လေပြင်းတိုက်ခတ်မှုကြောင့် သရက်ခြံအများအပြား ပျက်စီး

ယခုလ ၂၀ ရက်နေ့ ညပိုင်းက လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းမှုများကြောင့် မန္တလေးတိုင်း ဒေသကြီးအတွင်း ရှိ သရက်ခြံ အများအပြား ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သရက်ခြံပိုင်ရှင်များထံမှ သတင်းရရှိသည်။ ယခုလ ၂၀ ရက်နေ့ ညပိုင်းကလေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းမှုများကြောင့် ကျောက်ဆည်၊ ပုသိမ်ကြီး၊ ဝမ်းတွင်း၊ မြစ်သား၊ ကျောက်ပန်းတောင်းစသည့်မြို့နယ်များရှိ သရက်ခြံအချို့မှာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ညကလေပြင်းတိုက် တာတော်တော်လေးပြင်းတယ်။ မိုးဒဏ်ကြောင့် သရက်သီးဆုံးရှုံးမှုကရှိပေမယ့် လေပြင်းတိုက်လို့ ဆုံးရှုံးတာပိုများတယ် ဟု ကျောက်ဆည်မြို့မှ သရက်စိုက်တောင်သူ ဦးသန်းစိုးကပြောသည်။ ပြီးခဲ့သည့် ဧပြီ ၁၈ ရက်နေ့၊ ညနေပိုင်းအချိန် ကလည်း လေပြင်းများ တိုက်ခတ်၍ မိုးသီးကြွေကျခြင်းကြောင့် သရက်ခြံအချို့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ရောင်းတန်းပို့မယ့် သရက်သီးတွေလည်း မမှည့်သေးခင်ကြွေကျတယ်။ ကံကောင်းတာက သရက်ကင်းဖြစ်တဲ့အချိန် မှာ လေမတိုက်တာပဲ။သရက်ကင်းလေးတွေဖြစ်တဲ့ အချိန်လေတိုက်ရက် သရက်သီး တစ်လုံးတောင်ရစရာရှိမှာ မဟုတ် ဘူး ဟု ပုသိမ်းကြီးမြို့နယ်မှ သရက်စိုက်တောင်သူ ဦးကံမောင်က ပြောသည်။ လေပြင်းတိုက်ခြင်းနှင့် မိုးရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးသည့် သရက်သီးများမှာ စိန်တစ်လုံးနှင့် ရွှေဟသ်ာ အမျိုးအစား အများဆုံးဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=7978

## ရော်ဘာတစ်ပေါင်ကို ကျပ် ၈၆၀ အထိ ဈေးကောင်းရ

နိုင်ငံတကာရော်ဘာဈေးကွက်တွင် ဈေးနှုန်းများ ထပ်မံမြင့်တက်တာကြောင့် ပြည်တွင်းရော်ဘာဈေးကွက်မှာ ယခု ရက်ပိုင်းအတွင်း RSS - 3 အမျိုးအစားရော်ဘာတစ်ပေါင်ကို ကျပ် ၈၆၀ အထိ ဈေးကောင်းရနေတယ်လို့ မွန်ပြည်နယ်ရှိ ရော်ဘာလုပ်ငန်းရှင်များထံမှသိရပါတယ်။ ဒီနှစ် ဇန်နဝါရီလက RSS - 3 အမျိုးအစား ရော်ဘာတစ်ပေါင်ကို ကျပ် ၇၃၀ ဝန်းကျင်သာ ဈေးရခဲ့ပြီး မတ်လကုန်ပိုင်းတွင် ကျပ် ၈၂၀ အထိ ဈေးတက်လာကာ ဒီလမှာတော့ တစ်ပေါင်ကို ကျပ် ၈၆၀ ထိရောက်လာတာဖြစ်ပါတယ်။ မုဒုံမြို့နယ်မှ ရော်ဘာလုပ်ငန်းရှင် ဒေါ်အိမွန်အောင်က ရော်ဘာဈေးက မတ်လကစပြီး ၈၀၀ ကျော်လာတယ်။ တရိပ်ရိပ်နဲ့ ပြန်တက်လာတာ အခု ၉၀၀ နီးပါးဖြစ်တော့မယ်။ ပြည်ပကဝယ်တာလည်း များလာတယ်။

နိုင်ငံတကာရော်ဘာဈေးကွက်မှာလည်း ရော်ဘာဈေးတက်လာတဲ့အတွက် ပြည်တွင်းမှာလည်း ဈေးတက်လာတာ။

အရည်အသွေးကောင်းတဲ့ ရော်ဘာတွေ ထုတ်မယ်ဆိုရင် ကျပ် ( ၁၀၀ ) နီးပါးအထိ တက်လာမယ်လို့ မျှော်လင့်ရတယ်လို့ ပြောပါတယ်။ အခုလက်ရှိ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ရော်ဘာများမှာ အရည်အသွေးပိုင်းတွင် လိုအပ်ချက်များရှိနေသေးပြီး အရည်အသွေးပိုကောင်းပါက ဈေးပိုရနိုင်ပါတယ်။ အရင်က မွန်ပြည်နယ်တွင် ရော်ဘာအစေးခြစ်တဲ့ လုပ်သား နှစ်သိန်းနီးပါးရှိပေမယ့်လည်း အခုရော်ဘာအစေးခြစ်လုပ်သား တစ်သိန်းခန့်သာရှိပါတော့တယ်လို့ မွန်ပြည်နယ် ရော်ဘာ လုပ်ငန်းရှင်အချို့မှပြောပါတယ်။ မြန်မာနိုင်ငံမှ ထွက်တဲ့ရော်ဘာတွေကို တရုတ်၊ ဂျပန်၊ စင်ကာပူနဲ့ မလေးရှား နိုင်ငံတို့ကို အဓိကတင်ပို့လျက်ရှိပြီး ၂၀၁၁ နဲ့ ၂၀၁၂ ခုနှစ်က RSS - 3 အမျိုးအစား ရော်ဘာတစ်ပေါင်ကို ကျပ် ၁၈၀၀ ခန့်ထိ ဈေးကောင်းရခဲ့တယ်လို့ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဈေးနှုန်းထုတ်ပြန်ချက်များအရ သိရပါတယ်။

**Source:** https://www.facebook.com/a9biz/

## မေလ ၁ ရက်နေ့မှစတင်၍ မြန်မာ့မွေးမြူရေးငါးများ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခွင့်ရရှိ

မေလ ၁ ရက် နေ့မှစတင်၍ မြန်မာ့မွေးမြူရေးငါးများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခွင့်ရရှိပြီ ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့ရှိ မွေးမြူရေးကန် ၂၇ ကန်မှ ငါးပုစွန်၊ ကဏန်း ရေထွက်ပစ္စည်း ၁၀ မျိုးကို စက်ရုံ ၁၇ ရုံမှ တင်ပို့ခွင့်ရရှိခြင်း ဖြစ်ကြောင်းသိရသည်။

ငါးလုပ်ငန်းဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးနှင့်သုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်က အီးယူတင်ပို့ခွင့် ရရှိဖို့ကြိုးစားတာက ၂၀၁၄-၂၀၁၅ ခုနှစ်ကတည်းက ကြိုးစားတာပါ။ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ ၁ရက်နေ့က မြန်မာနိုင်ငံမွေးမြူရေးငါးတွေကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို ပို့လို့ရပြီဖြစ်ကြောင်း သူတို့ဝက် ဆိုက်ဘ်မှာ ကြေညာတယ်။ ဒါပေမဲ့ လက်ရှိအီးယူကို သဘာဝငါး တွေတင်ပို့ခွင့်ရရှိတဲ့စက်ရုံက ၂၃ ရုံရှိတယ်။ အဲဒါကြောင့်မွေးမြူ ရေးငါးတွေကို ဘယ်စက်ရုံတွေအကောင်အထည်ဖော်မလဲဆိုတာကိုကြည့်ပြီး အမျိုးသားဓာတ်ကြွင်း စောင့်ကြည့်မှု အစီအစဉ်မှာပါထားတဲ့ စက်ရုံ ၁၇ ရုံကို အီးယူရုံးချုပ်ကိုတင်ပြီး Approval ထပ်တောင်းရတယ်။ ဧပြီ ၁၈ ရက် သူတို့ဝက်ဆိုက်ဘ်မှာ ဒီစက်ရုံတွေက မေလ ၁ ရက်ကစပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကို တင်ပို့ခွင့်ရရှိပြီလို့ ကြေညာတာဖြစ်ပါတယ်။ ဒီစက်ရုံ ၁၇ ရုံကနေ ပြုပြင် ထုတ်လုပ်တာတွေကို အီးယူအဖွဲ့ ဝင်နိုင်ငံတွေကိုတင်ပို့ခွင့်ရရှိမှာ ဖြစ်တယ်ဟု ဧပြီ ၂၃ ရက်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ကျင်းပပြုလုပ်သည့် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်း ရှင်များ ပုံမှန်တွေ့ ဆုံဆွေးနွေးပွဲတွင်ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အမျိုးသားဓာတ် ကြွင်းစောင့်ကြည့်မှုအစီအစဉ်တွင် မွေးမြူရေးကန် ၃၂ ကန်ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မွေးမြူရေးကန် ၂၇ ကန်မှငါးမြစ် ချင်း၊ငါးကြင်းဖြူ၊ခေါင်းပွ၊ ရွှေဝါ၊ ငါးတန်၊ ငါးခုံးမကြီး၊ တီလားဗီးယား၊တိုက်ဂါးပုစွန်၊ ဗီနားမင်းပုစွန် ဖြူနှင့် ကဏန်းပျော့စသည့်ရေ ထွက်ပစ္စည်း ၁၀ မျိုးကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့တင်ပို့ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ဦးသက်နိုင်က အီးယူကိုမွေးမြူရေးငါးတင်ပို့ခွင့်ရရှိဖို့ဆိုတာ တော်လေးခက်တယ်။ အာရှမှာတောင် တင်ပို့ခွင့်ရရှိတဲ့ နိုင်ငံတော်တော်လေးနည်းပါတယ်။ အီးယူဈေးကွက်ပိုပွင့်လာတဲ့အတွက် အိတ်ပို့စ်ပမာဏပိုတက်လာမယ်လို့ မျှော်လင့် ထားပါတယ်။ လက်ရှိ အီးယူကို မြန်မာ့ရေထွက်ကုန်တွေ ပို့နေတာကနည်းတယ်။ သဘာဝက ငါးပုစွန်တွေပဲ ပို့လို့ရတာ။ စုစု ပေါင်းအိတ်ပို့စ်တန်ဖိုးနဲ့ယှဉ်ရင် သုံးရာခိုင်နှုန်းပဲရှိတယ်။ မြန်မာနိုင်ငံက ရေထွက်ကုန်တွေကိုနိုင်ငံ ပေါင်း ၄၀ ကျော် ပို့နေတဲ့အထဲမှာ အီးယူ ၁၀ နိုင်ငံကိုပို့တဲ့ ငါးပုစွန်ကနည်းပါတယ်။ အခုမွေးမြူရေး ငါးတွေ ထပ်တင်ပို့ခွင့်ရရှိပြီးဆိုတော့ အိတ်ပို့စ်ပမာဏကပိုပြီးတက်လာမှာပါဟုပြောသည်။ ယင်းအပြင် မြန်မာ့ရေထွက်ကုန်များ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံ များသို့ ပိုမိုတင်ပို့လာနိုင်စေရန် တင်ပို့ခွင့်ရရှိသည့်စက်ရုံအ ရေအတွက် ပိုမိုများပြားလာအောင် ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။

**Source:** https://www.yangonmedia.com/economy/item/13505-

## သီးနှံရှစ်မျိုး တရုတ်သို့ တရားဝင်တင်ပို့ခွင့်ရရှိရန် ဆောင်ရွက်နေ

မြန်မာနိုင်ငံထွက် သီးနှံရှစ်မျိုးကို တရုတ်သို့ တရားဝင်တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ အရည်အသွေးကြီးကြပ်စစ်ဆေးရေးနှင့် ရောဂါထိန်းချုပ်ရေးဌာန (AQSIQ) ၏ အသိအမှတ်ပြုလက်မှတ်ရယူရန်ဆောင်ရွက်ထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဉက္ကဋ္ဌဦးစိုးသန်းမင်းဒင်ကပြောသည်။ တရားဝင်တင်ပို့မည့် သီးနှံရှစ်မျိုးမှာ ထောပတ်၊ ကျွဲကော၊ ငှက်ပျော၊ ဝဉ၊ ဖာလာ၊ နာနတ်သီး၊ ဒူးရင်းသီး နှင့် ရှောက်မျိုးနွယ်ဝင်တို့ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ အရည်အသွေး ကြီးကြပ်စစ်ဆေးရေးနှင့် ရောဂါထိန်းချုပ်ရေးဌာန၏ ထောက်ခံချက်ရယူထားသည့် သီးနှံရှစ်မျိုးမှာ ဖရဲ၊ သခွား၊ သရက်၊ ဆီးသီး၊ မင်းကွတ်၊ ကြက်မောက်၊ လိုက်ချီး၊ တောကြက်မောက်သီးတို့ဖြစ်သည်။ ၎င်းတို့အနက် ဖရဲ၊ သခွား၊ သရက်နှင့် ဆီးသီးတို့ကိုသာ တင်ပို့နိုင်သေးကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း အလုပ်အမှု ဆောင်ဦးတင်အောင်က ပြောသည်။ (AQSIQ) ၏ အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရန် တင်ပြထားသည့် သီးနှံများတွင် ကျရောက်တတ်သည့် ပိုးမွှားများ၊စိုက်ခင်းအတွင်း သုံးသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၊ ကူးစက်ပျံ့နှံ့တတ်သည့် ပိုးမွှားများ ပါဝင်မှု ရှိမရှိကို တရုတ်နိုင်ငံ တာဝန်ရှိသူများက လာရောက်စစ်ဆေး မည်ဖြစ်ပြီး သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှုရှိပါက အသိအမှတ်ပြုလက်မှတ် ရရှိမည်ဖြစ်သည်။

အတည်ပြုချက်ရယူဖို့ အစိုးရချင်း ချိတ်ဆက်ဆောင် ရွက်ရမှာဖြစ်ပြီးတော့ လိုအပ်တဲ့ အချက်အလက်တွေကို စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို အသင်းကတင်ပြထားပါတယ်။ တရုတ်ဘက်ကတော့ အကြောင်း မပြန်သေးပါဘူး။ မြန်မာဘက်က တာဝန်ရှိသူတွေကတော့ သီးနှံစိုက်ပျိုးရာဒေသတွေမှာ ဖြစ်ပွားနိုင်တဲ့ ရောဂါတွေကို ဖုန်းဆက်မေးတာတော့ရှိတယ်။ ဒါပေမဲ့ တရားဝင်စာနဲ့ပို့ပြီး အကြောင်းကြားတာမျိုး မရှိသေးပါဘူးဟု ဦးစိုးသန်းမင်းဒင်က ပြောသည်။ တရုတ်နိုင်ငံ၏ ကုန်သွယ်ပေါက် ၂၂ ပေါက်သို့ ယင်းအသိအမှတ်ပြုလက်မှတ်ရရှိသည့် သီးနှံများကို တရားဝင် လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လက်မှတ်မရရှိသည့် သီးနှံများကို တရားမဝင် တင်သွင်းရောင်းချနေရသည်ဟု မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများ အသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချရာတွင် (AQSIQ) ၏ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် သီးနှံများမှလွဲ၍ ကျန်ကုန်စည်အများစုမှာ နယ်စပ်လမ်းကြောင်းမှ တရားမဝင်တင်ပို့နေရသဖြင့် ဈေးကွက် အနိုင်ကျင့်ခံရမှုများ၊ ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေ သည်။ ထို့ကြောင့် (AQSIQ) ၏ အသိအမှတ်ပြုလက်မှတ် အမြန်ဆုံးရရှိရေး သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးရန် ပြီးခဲ့သည့် မတ် ၁၅ ရက်က ပြုလုပ်ခဲ့သည့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ကုန်သည်စက်မှုအသင်းချုပ်၊ နယ်စပ်ဒေသ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးကိုကိုကြီးက တင်ပြခဲ့သည်။

လက်မှတ်ရရှိရန် တရုတ်နိုင်ငံအစိုးရထံသို့ စာပို့ထားပြီးလာရောက်စစ်ဆေးမှုများလုပ်လျှင် သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းလုပ်ဆောင်မည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1887-to-china,-to-get-export-8-fruits.html

## အထည်ချုပ်ကဏ္ဍမှ အလုပ်ကိုင်အခွင့်အလမ်း ၁ သန်းဝန်းကျင်အထိ တိုးတက်လာဖို့ရည်မှန်း

အထည်ချုပ်ကဏ္ဍမှ အလုပ်ကိုင်အခွင့်အလမ်း ၁ သန်းဝန်းကျင်အထိ တိုးတက်လာဖို့ရည်မှန်း စီးပွားရေးနှင့်ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒု-ဝန်ကြီးဦးအောင်ထူးကပြောဆိုပါတယ်။ လက်ရှိပြည်တွင်းမှာ အထည်ချုပ်လုပ်ငန်းပေါင်း အထည်ချုပ်ကဏ္ဍမှ အလုပ်ကိုင်အခွင့်အလမ်း ၅ သိန်းဝန်းကျင် အထိ ဖန်တီးပေးနိုင်ခဲ့ပြီး ချုပ်ပြီးအထည်တင်ပို့မှုကလည်း ကန်ဒေါ်လာ ၂ ဘီလီယံဝန်းကျင်ကိုရရှိလာပါတယ်။ တိုးတက်မှုလျှင်မြန်တဲ့ အထည်ချုပ်လုပ်ငန်းမှ လာမည့်ကာလ အတွင်း အလုပ်ကိုင်အခွင့်အလမ်း ၁ သန်းလောက်အထိ တိုးတက်ဖို့ရည်မှန်းထားတယ်လို့ ယင်းကဆိုပါတယ်။

ယခင်ကထုတ်လုပ်မှုတန်ဖိုး ကန်ဒေါ်လာသန်း ၅၀၀ ဝန်းကျင်လောက်သာရှိရာမှာ လက်ရှိထုတ်လုပ်မှုက တစ်နှစ် ကိုကန်ဒေါ်လာ ၂ ဘီလီယံဝန်းကျင်အထိ ရှိခဲ့တယ်လို့ ယင်းဝန်ကြီးဌာနရဲ့ တစ်နှစ်တာလုပ်ဆောင်ချက် အင်တာ

ဗျူးမှာ ထည့်သွင်းပြောဆိုခဲ့တာပါ။ မြန်မာ့အထည်ချုပ်လုပ်သား ၅ သိန်းကျော်မှာ EU ဈေးကွက် တင်ပို့သည့်အထည်များ ချုပ်လုပ်တဲ့လုပ်သားက ၇၀ ရာခိုင်နှုန်းအထိ ပါဝင်နေတာလည်းဖြစ်ပါတယ်။ လက်ရှိ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ၅ လ ကျော်မှာ အထည်ချုပ်တင်ပို့မှုက ပြီးခဲ့တဲ့နှစ်ထက်ကန်ဒေါ်လာသန်း ၉၀၀ ကျော်ပိုမိုတင်ပို့ထားတယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူတွေက ပြောဆိုပါတယ်။

**Source:** https://www.facebook.com/SFJWeekly/

## စက်သုံးဆီဈေးနှင့် ဒေါ်လာဈေးနှုန်းများ ဆက်တိုက်မြင့်လာ

ပြည်တွင်းဈေးကွက်၌ စက်သုံးဆီဈေးနှုန်းနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းထားများ ဆက်တိုက်မြင့်တက်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။ စက်သုံးဆီ ဈေးနှုန်းများသည် ပြီးခဲ့သည့် မတ်လဆန်းက ဈေးနှုန်းများထက် ယခုတွင် တလီတာလျှင် ကျပ် ၁၀၀ ဝန်းကျင် အထိ မြင့်တက်လာပြီး အမေရိကန် ဒေါ်လာ လဲလှယ်နှုန်းများသည် တဒေါ်လာလျှင် ကျပ် ၂၀ မှ ၂၅ ဝန်းကျင် အထိ မြင့် တက် လာခဲ့ခြင်း ဖြစ်သည်။ စက်ဆုံးဆီ ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ပြည်ပရေနံဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်သုံးဆီလုပ်ငန်းရှင်များအသင်း ရုံးအဖွဲ့မှူး ဦးဝင်းမြင့်က ရေဝတီသို့ပြောသည်။ စက်သုံးဆီက နိုင်ငံခြားကနေ ဝယ်ရောင်းနေရတာဆိုတော့ နိုင်ငံခြားက ဝယ်ရတဲ့ ဈေးကတက်သွားတဲ့အတွက် ဈေးတက်ရောင်းရတာပေ့ါ။ ဒါက သဘာဝပါဟု ဆိုသည်။

ပြီးခဲ့သည့် မတ်လဆန်းတွင် Diesel (500ppm) တလီတာလျှင် ကျပ် ၉၂၀ မှ ဧပြီလ ၂၄ ရက်တွင် ၉၉၅ ကျပ်၊ Premium Diesel တလီတာလျှင် ကျပ် ၉၃၀ မှ ၁၀၀၅ ကျပ်၊ Octane 92 တလီတာ လျှင် ကျပ် ၇၃၀ မှ ၈၇၅ ကျပ် နှင့် Octane 95 တလီတာလျှင် ကျပ် ၈၂၅ မှ ၉၄၅ အထိ ဈေးနှုန်းများ မြင့်တက်လျက် ရှိသည်။ ယခုလပိုင်း အတွင်း၌ ရေနံတင်ပို့သော နိုင်ငံများ အသင်း (OPEC) က ရေနံထုတ်လုပ်မှုလျှော့ချခြင်းနှင့် ရေနံတင်ပို့လျက်ရှိသော အီရန်နိုင်ငံနှင့် ဗင်နီဇွဲလား နိုင်ငံက ပိတ်ဆို့အရေးယူခံရမှုများကြောင့် ရေနံထွက်ရှိမှုကျဆင်းလာပြီး ရေနံတစည်ကို အမေရိကန် ဒေါ်လာ ၇၀ ကျော် အထိ ပြန်လည် မြင့်တက်လာပြီး လပိုင်းအတွင်း ရေနံ ၁ စည်လျှင် ၁၀ ဒေါ်လာကျော်အထိ တက်လာကြောင်း သိရသည်။ Max Energy မှ တာဝန်ရှိသူတစ်ဦးက ကမ္ဘာ့ရေနံဈေးက ဆက်တိုက်တက်လာတာကြောင့် ဒီမှာလည်းဈေး ပြန်တက်လာတာဟုဆိုသည်။

ယခုလပိုင်းအတွင်း၌ စက်သုံးဆီ ဈေးနှုန်းများအပြင် အမေရိကန် ဒေါ်လာ ငွေလဲလှယ်နှုန်းသည်လည်း တဖြည်းဖြည်း ပြန် လည် မြင့်တက်လာခဲ့ပြီး ပြီးခဲ့သည့် မတ်လ၌ အမေရိကန် ဒေါ်လာ တဒေါ်လာလျှင် ကျပ် ၁၄၉၀ ဝန်းကျင် ရှိခဲ့ရာမှ ယခု ဧပြီလ၂၄ ရက်တွင် အမေရိကန် ဒေါ်လာ တဒေါ်လာလျှင် ကျပ် ၁၅၂၅ ဝန်းကျင် အထိ ပြန်လည် မြင့်တက်လာကြောင်း ပုဂ္ဂလိက ဘဏ်များနှင့် ပြည်တွင်း ငွေလဲကောင်တာများမှ သိရသည်။ ပြည်တွင်း ရွှေဈေးနှုန်း ကျဆင်းခြင်းနှင့် သင်္ကြန်ကာလ အပြီး အမေရိကန် ဒေါ်လာ အရောင်းအဝယ်လိုက် နေခြင်းကြောင့် ဒေါ်လာဈေးနှုန်းသည် အနည်းငယ် ပြန်တက်လာခြင်း ဖြစ်ကြောင်း Fame Money Changer မှ တာဝန်ရှိသူ တဦးက ရေဝတီ သို့ ပြောသည်။ အခုက သင်္ကြန်ကာလပြီးတော့ လုပ်ငန်းတွေပြန်စလာတော့ အရောင်းအဝယ်ကလည်းသွက်နေတယ်။ ပြီးတော့ ရွှေဈေးနှုန်းကလည်း ကျနေတော့ ဒီဘက်မှာ ဈေးပြန်တက်လာတာဟု ၎င်းကဆိုသည်။

လတ်တလောတွင် ပြည်တွင်းရွှေဈေးနှုန်းကျဆင်းနေခြင်းနှင့် ဒေါ်လာဝယ်လိုအားများနေခြင်းကြောင့် ဒေါ်လာ လဲလှယ်နှုန်းထားသည် ဆက်လက် မြင့်တက်နိုင်ခြေ ရှိကြောင်း သိရသည်။ စက်သုံးဆီ ဈေးနှုန်းသည်လည်း ကမ္ဘာ့ရေနံဈေးကွက် အခြေအနေအရ ရေနံဈေးနှုန်း မြင့်တက်နေခြင်း နှင့် ပြည်တွင်း ဒေါ်လာ လဲလှယ်နှုန်းသည်လည်း မြင့်တက်လာခြင်းကြောင့် ပြည်တွင်း စက်သုံးဆီဈေးနှုန်းသည် ယခု ရက်ပိုင်း အတွင်း၌ ထပ်မံမြင့်တက်နိုင်ခြေ ရှိသည်ဟု လုပ်ငန်းရှင်များက သုံးသပ် ပြောဆိုကြသည်။

UMFCCI ဒု ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေး ဒေါ်လာဈေးက အဝယ်လိုက်နေတဲ့ အချိန်ပြန်တက်တာပေ့ါ။ စက်သုံးဆီဈေးကတော့ အခြေအနေတွေအများကြီးရှိတာပေ့ါ။ မြန်မာနိုင်ငံမှာ များများသိုလှောင်တဲ့ကန်တွေမရှိတော့ သူများ နိုင်ငံတွေထက် ရိုက်ခတ်မှုက ပိုရှိနေတာဟုပြောသည်။ မြန်မာနိုင်ငံသည် ပို့ကုန်ထက်သွင်းကုန်ပိုများနေသည့် နိုင်ငံဖြစ်ခြင်းကြောင့် စက်သုံးဆီဈေးနှင့် ဒေါ်လာဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းကုန်ဈေးနှုန်းများသည် အနည်းငယ်မြင့်တက်လာနိုင်သော်လည်း ယင်းအခြေအနေများသည် နှစ်စဉ်နီးပါးဖြစ်နေခြင်းကြောင့် တလမှ၂ လခန့်သာ ဈေးနှုန်းများ မြင့်တက်မှုရှိနေနိုင်ပြီး နောက်ပိုင်းတွင် ပြန်လည်အသားကျသွားနိုင်မည်ဖြစ်ကြောင်းလည်း ဒေါက်တာ မောင်မောင်လေးကရှင်းပြသည်။ **Source:** https://www.facebook.com/kope.aung/posts/2332552087014003

## မကွေးတိုင်း ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းမှ ရန်ပုံငွေ ၁၂ ဘီလီယံကျော်ရရှိ

လက်ရှိအစိုးရ သက်တမ်းအတွင်း မကွေးတိုင်းဒေသကြီး ရေနံလက်ယက်တွင်းတိမ် လုပ်ငန်းကနေ တိုင်းဒေသကြီး ရန်ပုံငွေ ကျပ် ၁၂ ဘီလီယံကျော် ကောက်ခံရရှိပြီလို့ သိရပါတယ်။ မကွေးတိုင်းဒေသကြီး သယံဇာတ သဘာဝပတ်ဝန်းကျင် နှင့် လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က လက်ရှိ အစိုးရသက်တမ်းအတွင်း ရေနံသယ်ယူခွင့်မျောစာ အပေါ်ကနေ ရေနံစိမ်း တစ်ပေပါကို ယခင်က ၃၀၀၀ ကျပ်ကနေ ၅၀၀၀ ကျပ်တိုးမြှင့်ကောက်ခံခဲ့ရာ တိုင်းဒေသကြီး ရန်ပုံငွေ ကျပ် ၁၂ ဘီလီယံကျော်ရရှိပြီဖြစ်တယ်။ ကွင်းဆင်းစစ်ဆေးတာတွေ လုပ်ရင်တော့ ဥပဒေနဲ့မညီတာတွေ အကုန်ဖမ်းရမှာဖြစ်တယ်။ သယံဇာတဆိုတာက တနိုင်ငံလုံးက ပိုင်ဆိုင်တာဖြစ်ပြီး ပြည်ထောင်စုက အတိုင်းတာတခုထိ ခွင့်ပြုထားတာဖြစ်တယ်။ လုပ်တဲ့သူတွေကတော့ ကိုယ့်လောဘနဲ့ကိုယ်လုပ်ကိုင်ကြတာဖြစ်ပြီး ပြည်သူလူထုပိုင်တဲ့ဟာကို ကာကွယ်ရမယ်လို့ ပြောပါတယ်။

ရေနံတွင်း လုပ်ငန်းရှင်တဦးဖြစ်တဲ့ ဦးအောင်ဝင်းတင်က ထွက်ရှိလာတဲ့ ရေနံတွေကို တရားဝင်သယ်ဆောင်ခွင့်မျောတွေနဲ့ ပြည်သူတွေ အဆင်ပြေအောင် လုပ်ဆောင်ပေးလို့ တိုင်းအစိုးရကို ကျေးဇူးတင်ပါတယ်။ အခွန်တွေမြောက်မြားစွာ ရရှိတယ်လို့ ကြားသိရပေမယ့် တိုင်းအစိုးရအနေနဲ့ အခွန်ထမ်းတဲ့ လုပ်ငန်းရှင်၊ ကျင်းတူးသားတွေကို နည်းပညာ ပံ့ပိုးမှုတွေ လုပ်ဆောင်ပေးသင့်တယ်" လို့ ဆိုပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်း အထက်မင်းလှ၊ မြိုင်၊ ပေါက် စတဲ့မြို့နယ်တွေမှာ အဓိက ရေနံအထွက်နှုန်းများပြားပြီး တရားဝင်လုပ်ကွက် ၃၀ ကွက်ရှိကာ ထွက်ရှိလာတဲ့ ရေနံစိမ်းတွေကို မုံရွာ၊ မန္တလေး၊ ကြံခင်း ရှိရေနံချက်ဖိုတွေကို တင်ပို့ရောင်းချကြတာပါ။

**Source:**https://www.facebook.com/kope.aung?ref=br_rs

## STOCK EXCHANGE (25.4.19)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 25th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 1,200 | 10,560,000 | 27,112,747 | 238,592 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,900 | 3,152 | 9,173,400 | 38,929,150 | 114,841 |
| MCB | 00003 | 7,100 | +100 | +1.43% | 7,000 | 7,100 | 7,000 | 282 | 1,974,500 | 10,400,986 | 73,847 |
| FPB | 00004 | 20,500 | +0 | +0.00% | 20,500 | 20,500 | 20,500 | 0 | 0 | 2,472,053 | 50,677 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,750 | 711 | 1,956,250 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.14 | +1.21 | +0.32% | 373.93 | 375.14 | 373.93 | 5,345 | 23,664,150 | 5 | 512,153 |


**Index chart**



# Market Overview

As of 1:00 pm, 25th Apr. 2019

| MYANPIX | 375.14 ▲ 1.21 |
|---|---|
| Total Volume (shares) | 5,345 |
| Total Value (MMK) | 24 mil |
| Listed Company | 5 |
| Market Cap. (MMK) | 512,153 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 100 |
| FPB | 00004 | 20,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |

TIR



TIR